ညှင်းသွန်းကျေးရွာ
ဘွဲ့ကျေးရွာအုပ်စု၊ မင်းလှမြို့နယ်
မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
# (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ညှင်းသွန်းကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းလှမြို့နယ်၏ အကူအညီဖြင့်
ရေးဆွဲပါသည်။)

ဩဂုတ်လ ၊ ၂၀၁၉

# မာတိကာ


၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ ရာသီခွင့်ပြ ပြက္ခဒိန်

၄။ အဖွဲ့အစည်းများပြပုံ

၅။ တည်နေရာ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

၆။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

( ခ) စီးပွားရေးအခြေအနေ၊ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

( ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

( င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

( စ) ကျား – မဆိုင်ရာ ဆက်နွယ်မှု

၇။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

( ခ) သီးနှံ သား/ငါးထုတ်လုပ်ရေးကဏ္ဍ

( ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်စီမံခန့်ခွဲမှု

( င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

( စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု ၊ လမ်းတံတား ၊ လျှပ်စစ်စွမ်းအား သတင်းနှင့် ဆက်သွယ်ရေး

( ဇ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ

၈။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) – ဖွံ့ဖြိုးရေးဗျူဟာများ

နောက်ဆက်တွဲ(၂) – ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

၉။ စီမံချက်အဆိုပြုလွှာ

၁၀။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ညှင်းသွန်းကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

သြဂုတ်လ ၊ ၂၀၁၉ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ညှင်းသွန်းကျေးရွာ
မင်းလှမြို့နယ်

<u>သယံဇာတပြမြေပုံ</u>



# ရာသီခွင်ပြ ပြက္ခဒိန်



# အဖွဲ့အစည်းများပြပုံ



## ၅။ တည်နေရာ ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

ညှင်းသွန်းကျေးရွာသည် ဘွဲ့အုပ်စုတွင် ပါဝင်ပြီး မင်းလှမြို့မှ (၂၆)မိုင်ခန့်အကွာ သရက်–မင်းလှ လမ်းမကြီးအနောက်ဘက် (၃)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ မြေအနေအထားမှာ အရှေ့မှ အနောက်ဘက်သို့ သွယ်တန်းလျှက်ရှိပြီး ရွာ၏အရပ်လေးမျက်နှာတွင် လယ်ယာမြေများရှိ၍ ရွာ၏အရှေ့ဘက် (၁)မိုင်ခန့်အကွာတွင် ဘွဲ့ကျေးရွာရှိပါသည်။ ညှင်းသွန်းကျေးရွာ၏ အရပ်လေးမျက်နှာမှာ မြေပြန့်များ ဖြစ်ကြပါသည်။ မိုးရာသီတွင် ကျေးရွာအတွင်းရှိ လမ်းများမှာ ရွှံ့ဗွက်များ ထူထပ်ခြင်းကြောင့် သွားလာရေးခက်ခဲပါသည်။ အဓိက အားထားရသော သီးနှံများမှာ မြေပဲ ၊ နှမ်း ၊ ဝါ ၊ ပြောင်း ၊ မိုးကောင်းလယ်စပါးများနှင့် ဆောင်းရာသီတွင် ခရမ်းချဉ် ၊ ငရုပ်များ စိုက်ပျိုးကြပါသည်။ ကျေးရွာသည် အပူပိုင်းဒေသတွင် တည်ရှိသောကြောင့် နှစ်စဉ်ရာသီဥတု မမှန်၍ တောင်သူလယ်သမားများအတွက် အခက်အခဲကြုံတွေ့ရပါသည်။

ညှင်းသွန်းကျေးရွာသည် စပါးအနည်းငယ် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံထွက်ဒေသ ဖြစ်ပါသည်။ ကျေးရွာတွင် မိုးကောင်းလယ်များနှင့် ယာမြေကိုင်းမြေများ ရှိကြပါသည်။ လယ်သမားများမှာ မိုးရေကိုသာ အဓိကအားထား စိုက်ပျိုးရပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်မည့်ကေမှာ (၁၁၆၆)ကေရှိပြီး စပါး ၊ နှမ်းနှင့် ပဲမျိုးစုံကို စိုက်ပျိုးကြသည်။ သဘာဝဆေးဘက်ဝင်အပင်များရှိသော်လည်း အသိပညာဗဟုသုတနည်းပါးခြင်းကြောင့် အသုံးပြုနိုင်မှု အားနည်းပါသည်။ ကျေးရွာတွင် စားကျက်မြေ ပလပ်မြေများ မရှိပါ။

## ၆။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

ညှင်းသွန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း (၃၅၇) အိမ်နှင့် ကျား (၆၆၉) ၊ မ(၆၇၃)ဦးဖြင့် လူဦးရေပေါင်း (၁၃၄၂)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄)နှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅)ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၆၃%) ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့လာသင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်မည်ဖြစ်သည်။

### ( ခ) စီးပွားရေးအခြေအနေ ၊ ဝင်ငွေ ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာသူ ၊ ကျေးရွာသားများကိုယ်တိုင် အကဲဖြတ်သောဥစ္စာခနဲ အဆင့်ခွဲခြားမှု အဆင့်အရ ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲနွမ်းပါးသည်ကို တွေ့ရပါသည်။ အိမ်ထောင်စု (၃၅၇)စု၏ (၆ဝ.၂၂%)ခန့်သည် ဆင်းရဲသားအိမ်ထောင်

စုများဖြစ်ကြသည်။ (၃၉.၇၈%)ခန့်သည် ပြေလည်သော အိမ်ထောင်စုများဖြစ်ကြသည်။

ဆင်းရဲသားအိမ်ထောင်စုများမှာ မြေယာမဲ့များ ၊ စိုက်ပျိုးမြေကေ (၁)ကေမှ (၅)ကေအထိ ပိုင်ဆိုင်သူများနှင့် ကျဘမ်းအလုပ်သမားများ ဖြစ်ပါသည်။ အိမ်အခြေအနေမှာ ထရံကာ ၊ သက္ကယ်မိုး ၊ လေးပင်အိမ်နှင့် သုံးပင်အိမ်အမျိုးအစား ဖြစ်ပါသည်။

ပြေလည်သော အိမ်ထောင်စုများမှာ စိုက်ပျိုးမြေ (၈)ကေမှ (၁၀)ကေအထိ ပိုင်ဆိုင်သူများနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူများဖြစ်ကြပါသည်။ အိမ်အခြေအနေမှာ သွပ်မိုး ၊ ပျဉ်စီ ၊ ပျဉ်ကာ ၊ တိုက်တို့ဖြင့် ထွန်စက် conter ကားပိုင်ဆိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ စိုက်ပျိုးမြေပိုင်ဆိုင်သည့် အနေအထားကြောင့် စီးပွားရေးအဆင့်အတန်းနှင့် ဆင်းရဲချမ်းသာ မညီမျှမှုအချက်အလက်များကို တွေ့ရှိရပါသည်။

## ( ဂ) ဆင်းရဲနွမ်းပါးနှုန်းနှင့် ထိခိုက်နစ်နာလွယ်မှု

ထိခိုက်သက်ရောက်လွယ်သော မိသားစုများသည် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများ ၊ သက်ကြီးရွယ်အိုများ ၊ မုဆိုးဖို ၊ တစ်ခုလပ်များ ၊ အခြားဒေသသို့ အချိန်ကြာမြင့်စွာ သွားရောက်လုပ်ကိုင်သူများ ၊ ဆင်းရဲသောတောင်သူများနှင့် မြေယာမဲ့လက်လုပ်လုပ်စားများ ဖြစ်ကြသည်။ ၎င်းတို့သည် အသက်မွေးဝမ်းကြောင်းလုပ်ငန်း ပိုင်ဆိုင်မှုများနှင့် စားဝတ်နေရေး အဆင်မပြေသော မိသားစုများဖြစ်ကြသည်။ ကျေးရွာတွင်းရှိ ဆင်းရဲသောမိသားစုများနှင့် လူငယ်အများစုမှာ ဝင်ငွေပိုမိုရရှိရန် ပြည်တွင်း/ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်းတွင် ထိခိုက်လွယ်သော မိသားစုများရှိသော်လည်း သားသမီးတို့၏ ကူညီထောက်ပံ့မှု ၊ ရပ်ဆွေရပ်မျိုးတို့၏ ကူညီထောက်ပံ့မှုတို့ကြောင့် ၎င်းတို့အိမ်ထောင်စုများတို့၏ ထိခိုက်လွယ်မှုအခြေအနေ ပုံမှန်အဆင့်သာ ရှိပါသည်။

## (ဃ) ကျန်းမာရေးနှင့် အဟာရ

ညှင်းသွန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးခန်းရှိပါသည်။ ရာသီအလိုက် ဖျားနာခြင်း ၊ အအေးမိတုပ်ကွေး ၊ ဆီးချိုသွေးချိုရောဂါ ၊ အသက်ရှူလမ်းကြောင်းရောဂါမှ ကူးသည့်ရောဂါများဖြစ်လေ့ဖြစ်ထရှိပြီး အရေးပေါ်ဆေးကုသရန် ကျေးရွာနှင့် (၂၅၀မိုင်ကွာသော မင်းလှဆေးရုံသို့ သွားရောက်ကုသရပါသည်။

( င)  **ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ညှင်းသွန်းကျေးရွာတွင် သက်ကြီးရွယ်အိုပိုင်းမှလွဲ၍ အများစုသည် အခြေခံအရေး ၊ အဖတ် ၊ အတွက်အချက် တတ်မြောက်ကြသည်။ ကျေးရွာစာတတ်မြောက်မှုမှာ မူလတန်းအဆင့်ရှိသူ ကျား (၄၃၇)ယောက် ၊ မ(၄၅၉)ယောက် ၊ အလယ်တန်းအဆင့်ရှိသူ ကျား(၁၁၇)ယောက် ၊ မ (၉၇)ယောက် ၊ အထက်တန်းအဆင့်ရှိသူ (၄၅) ယောက် ၊ မ (၃၀)ယောက်ရှိပြီး တက္ကသိုလ်တက်ရောက်သူ ကျား(၂၉)ယောက် ၊ မ (၃၅)ယောက်ရှိပါသည်။

( စ)  **ကျား – မ ဆိုင်ရာ ဆက်နွယ်မှု**

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စများတွင် လွတ်လပ်မျှတမှု ရှိပါသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူရသည့်အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံချိန်စံနှုန်းများ သတ်မှတ်ထားပါသည်။ ကျေးရွာတွင် ကျား-မပြင်းထန်သော အကြမ်းဖက်မှုများ ၊ ခွဲခြားဆက်ဆံသော ကိစ္စရပ်များ မရှိပါ။ အမျိုးသမီးများ၏ ပညာသင်ကြားမှုဆိုင်ရာ အခွင့်အလမ်းများမှာ အမျိုးသားများနှင့် ထပ်တူထပ်မျှပင် ဖြစ်ပါသည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခမှာ အမျိုးသားများက ပိုမိုရရှိပါသည်။ မိသားစုအတွင်း ဆုံးဖြတ်ပိုင်ခွင့်များတွင် ၅၀%ခန့်သည် အမျိုးသမီးများ ပါဝင်ကြောင်း တွေ့ရပါသည်။ လုပ်အားခ သတ်မှတ်ရာတွင် ကျား-မ မတူညီမှုကလွဲရင် ကျန်သော အခွင့်အရေးများမှာ တန်းတူရရှိကြပါသည်။

## ၇။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က)  **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု**

ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးကဏ္ဍတွင် ဂေါပကအဖွဲ့ ၊ ဝတ်အသင်းအဖွဲ့ ၊ ရပ်မိရပ်ဖအဖွဲ့ ၊ လူမှုရေးကဏ္ဍအဖွဲ့ ၊ ပရဟိတအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့ ၊ အရံမီးသတ်တပ်ဖွဲ့ ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ ၊ ကျောင်းကော်မတီအဖွဲ့စသည်ဖြင့် ဖွဲ့စည်းထားပါသည်။ ၎င်းအဖွဲ့အစည်းများမှ ကျေးရွာဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့စည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းရည်မြှင့်တင်ရေးသင်တန်းများကို ကျေးရွာသို့ လာရောက်ပို့ချပေးပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား စည်းလုံးညီညွတ်မှုတို့ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

## ( ၁) သီးနှံ သား/ငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး ၊ နှမ်း ၊ ဝါနှင့် ပဲအမျိုးမျိုးကို အဓိကထား စိုက်ပျိုးကြပါသည်။ မိုးရေကို အဓိကထား၍ စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် တောင်သူ(၆၁၂)ဦး ရှိ၍ လယ်ဧက (၄၅၉)ဧက ၊ ယာမြေ (၇၀၇)ဧက ၊ ဥယျာဉ်ခြံမြေ (၂)ဧက ၊ ကိုင်းမြေ (၈)ဧက ၊ စားကျက်မြေ (၁၅)ဧက ၊ မြေလွတ်မြေလပ် (၁၄၄)ဧကရှိပြီး စုစုပေါင်း စိုက်ပျိုးမြေမှာ (၁၁၉၁)ဧကရှိပါသည်။ နှမ်းနှင့် ပဲစဉ်းငုံသီးနှံများအား ကဆုန် ၊ နယုန်လတွင် စိုက်ပျိုးကြပြီး စပါးကို ဝါဆိုလတွင် စိုက်ပျိုးသည်။ ပဲကြီးနှင့် ကုလားပဲအား တော်သလင်းလတွင် စိုက်ပျိုး၍ ဝါကို တော်သလင်းလတွင် စိုက်ပျိုးကြသည်။ နှစ်စဉ် ရာသီဥတု ဖောက်ပြန်သောကြောင့် သီးနှံအထွက်နှုန်း လျော့ကြပါသည်။ ထွန်ယက်ရန် အသေးစားထွန်စက် မဝယ်ယူနိုင်သောကြောင့် အခြားနေရာမှ ငှားရမ်း၍ ထွန်ယက်ရပါသည်။ ငွေကြေးမလုံလောက်၍ ချေးငွေယူ၍ လုပ်ကိုင်ကြရပါသည်။ လုပ်သားရှားပါးမှုကြောင့် လုပ်အားခပိုပေး၍ ငှားရမ်းရပါသည်။ ပဲကြီးနှင့် နှမ်းစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်မှု ပိုမိုတွေ့ရပြီး ယင်းဖျက်ပိုးသည် ပိုးသတ်ဆေးအချို့အား ခံနိုင်ရည်ရှိသဖြင့် တောင်သူများအနေဖြင့် ထိရောက်စွာ နှိမ်နင်းနိုင်သော နည်းစနစ်ကို လိုလားကြပါသည်။ ကျေးရွာတွင် မွေးမြူရေး လုပ်ကိုင်သူများမှာ စီးပွားဖြစ်မမွေးမြူဘဲ တနိုင်တပိုင်သာ မွေးမြူကြပါသည်။ စိုက်ပျိုးရေးဘဏ်မှ ငွေချေးယူပါသည်။ စိုက်ပျိုးဘဏ်မှ ငွေချေးယူရာတွင် ပုံစံ(၇) မရှိသောကြောင့် ချေးငွေမရရှိသူများလည်း ရှိသည်။ ကျေးရွာတွင် ငွေချေးပေးသူများထံမှ ချေးငှား၍ရသော်လည်း အတိုးနှုန်းမြင့်မားပါသည်။ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာကို မင်းလှမြို့မှ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။

## ( ဂ) စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရသည့် လုပ်ငန်းများမှာ နေ့စားအလုပ်များ ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ ၊ ဈေးရောင်း ၊ ခေါင်းရွက်ဗျက်ထိုး ၊ အစိုးရလုပ်ငန်းတို့ကို လုပ်ကိုင်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုလိုက်၍ လုပ်ငန်းကို စရခြင်းကြောင့် အဆင်မပြေမှုနည်းပါးသည်။ မြေယာမဲ့ ၊ လက်လုပ်လက်စားများအနေဖြင့် စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်ရှိပြီး ၊ ကျန်အချိန်များတွင် အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေမမှန်ခြင်းကြောင့် တစ်ချို့မှာ တစ်နယ်တစ်ကျေးသို့ သွားရောက်အလုပ်လုပ်ကြသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားသောကြောင့် ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်း

သင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ စက်ချုပ် ၊ ဇာထိုးပန်းထိုး ၊ ဆံပင်မိတ်ကပ်အလှပြင် ၊ မုန့်လုပ်နည်း ၊ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်း ၊ မိုဘိုင်ဖုန်းပြုပြင်ခြင်း ၊ တွင်ခုံဝပ်ရှော့စသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် ရွာသားများသည် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးအရည်အချင်းပိုင်းတွင် အနည်းငယ်နိမ့်ကြပြီး သင်တန်းစရိတ်အကုန်ကျခံရန်နှင့် လုပ်ငန်းထူထောင်ရန် မတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအမျိုးသားစက်ချုပ် ၊ ဆိုင်ကယ်ပြုပြင်ရေးစသော သင်တန်းများသို့ အခကြေးငွေအကုန်ခံကာ ပို့လွှတ်သင်ကြားနိုင်သည်။

(ဃ) **ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု**

ကျေးရွာတွင် စိုက်ပျိုးသီးနှံများ ပွင့်ဖူးလာသည့်အချိန်တွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှု များပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးအစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးများသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်ခွံ ၊ ပုလင်းခွံ ၊ ဗူးခွံများကို စနစ်တကျစွန့်ပစ်မှုမရှိခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးမှုများ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

ရာသီဥတု ဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းကို နှစ်စဉ်ကြုံတွေ့ ခံစားရပါသည်။ စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကအားထားရသောကြောင့် တောင်သူများမှာ ရာသီဥတုမမှန်ခြင်း၊ စိုက်ပျိုးရေးလုံလောက်မှုမရှိခြင်းများ ကြုံတွေ့နေရပါသဖြင့် ကျေးရွာအနီး ပတ်ဝန်းကျင်တွင် ကျွန်း ၊ အင်ကြင်း ၊ ပိတောက် ၊ ဒဟတ် ၊ သန်း ၊ ကွမ်းစသည့် အပင်မျိုးစိတ်များရှိပါသည်။ ကျေးရွာပတ်ဝန်းကျင်ရှိ တောတောင်ရေမြေများ ၊ သစ်တောသစ်ပင်များကို အစားထိုးစိုက်ရန် စနစ်ကျသော စီမံခန့်ခွဲမှု နည်းပညာများ သင်ယူစေခြင်းဖြင့် တောတောင်ရေမြေနှင့် သဘာဝပတ်ဝန်းကျင်များကိုပါ အလိုအလျောက် ထိန်းသိမ်းပေးရာ ရောက်စေပါသည်။

( င) **ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လလျှင် အတိုးနှုန်း ၀.၈၀ ကျပ်နှုန်း ၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများသုံး (၃)ဧကမှ (၇)ဧကအတွက် ချေးယူနိုင်ကြသည်။ စိုက်ပျိုးရေးဘဏ်မှ ချေးယူနိုင်သော်လည်း ပုံစံ(၇) တင်ပြနိုင်မှသာလျှင် ချေးငွေရရှိသဖြင့် တောင်သူ

အများစုမှာ ချေးငွေရရှိနိုင်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အခြားချေးငွေ ရရှိနိုင်မှုမရှိသဖြင့် အချို့အိမ်ထောင်စုများမှာ ရွာတွင်း ငွေတိုးချေးစားသူများထံမှ အတိုးနှုန်း ၈ ကျပ်မှ ၅ ကျပ်တိုးနှုန်းဖြင့် ချေးယူကြရသည်။ သမဝါယမအသင်းကို ဖွဲ့ စည်းထားခြင်း မရှိသေးပါ။ ကျေးရွာအများစုသည် ကျန်းမာရေး ၊ ပညာရေးတို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြရသဖြင့် ကျေးရွာတွင် ချေးငွေလိုအပ် ချက်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အလွန်ဆင်းရဲသော အိမ်ထောင်စုများ အနေဖြင့် နိုင်ငံတော်မှ ချေးငွေစီမံကိန်းများ ချထားပေးပါရန် လိုအပ်လျှက်ရှိကြောင်း တွေ့ရှိရပါသည်။

**( ၈) ပညာရေး ၊ ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် ပညာရေးကဏ္ဍအနေဖြင့် အလယ်တန်းကျောင်းအဆင့်ရှိပြီး ၊ အလျား ၇၀ ပေ x အနံ ၂၃ ပေ အုတ်ညှပ် ၊ သွပ်မိုး ၊ အင်္ဂတေခင်းကျောင်းဆောင် ဖြစ်ပါသည်။ မူလတန်းကျောင်းဆောင်မှာ အစိုးရကျောင်းဆောင်ဖြစ်၍ ဧရိယာမှာ (၁၀၀' x ၃၀') ကိုးလက်မ အုတ်ရိုးအာစီကျောင်းဆောင် ဖြစ်ပါသည်။ ကျောင်းတွင် ကျောင်းသုံးပရိဘောဂ လုံလောက်မှုရှိပါသည်။ ဝန်ထမ်းဦးရေမှာ ကျောင်းအုပ် ဆရာမကြီး (၁)ဦး ၊ အလယ်တန်းပြဆရာ/မ (၄)ဦး ၊ မူလတန်းပြဆရာ/မ (၃)ဦး ၊ ရုံးကူ (၁)ဦးသာရှိပါသည်။ ဝန်ထမ်းအိမ်ယာ မရှိပါ။ ဆရာ/မ လိုအပ်ချက်ရှိကြောင်း တွေ့ရှိရပါသည်။ ကျောင်းတွင် အဝီစိစက်တပ်ရေတွင်းရှိပြီး သောက်သုံးရေမှာ ကောင်းမွန်၍ လုံလောက်မှုရှိပါသည်။ လူအများစုသည် မူလတန်းအဆင့်သာရှိသော သူများသောကြောင့် ဗဟုသုတနည်းပါးပါသည်။ ကျေးရွာတွင် လက်ရှိမူလတန်းမှ တက္ကသိုလ်အထိ ပညာသင်ကြားနေသူ (၂၃၄)ယောက် ရှိပါသည်။ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် ပညာရေးသည် အဓိကသော့ချက်ဖြစ်ပါသည်။ ပညာရေးကဏ္ဍ အတွက် အခြေခံအဆောက်အဦး ဝန်ထမ်းအိမ်ယာ ၊ ကျောင်းသုံးပရိဘောဂ ၊ ကစား ကွင်း ၊ ရေလောင်းအိမ်သာများ ဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း ရှိပါသည်။ ကိုယ်ဝန်ဆောင် မိခင်များအတွက် ကျန်းမာရေးဌာနမှ သားဖွားဆရာမ (၁)ဦး ခန့်ထားပေးပါသည်။ ကျေးရွာနှင့် (၂၅)မိုင်ခန့်အကွာတွင် မင်းလှမြို့နယ်ဆေးရုံ ရှိပါသည်။ ဆေးရုံရှိသော် လည်း အရေးပေါ်လူနာများအတွက် မိုးရာသီတွင် ချောင်းရေကျခြင်းကြောင့် သွား ရောက်ကုသရန် အခက်အခဲများ ဖြစ်ပေါ်လျှက်ရှိပါသည်။ ကျေးရွာအတွင်းတွင် စက် ရေတွင်း (၅)တွင်းနှင့် ရွာဦးဘုန်းတော်ကြီးကျောင်းတွင် စက်ရေတွင်း (၁)တွင်းရှိပြီး သောက်သုံးရေအတွက် လုံလောက်မှု ရှိပါသည်။ ညွင်းသွန်းကျေးရွာတွင် အိမ်ထောင်စု

စုစုပေါင်း (၃၅၇)အိမ်ရှိရာ သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စုမှာ (၃၈)အိမ်ရှိပြီး ရေစွဲအိမ်သာသုံးစွဲသော အိမ်ထောင်စုများမှာ (၃၁၀)အိမ်ရှိသောကြောင့် ယင်နှင့် ဆက်စပ်သော ရောဂါများ ဖြစ်ပွားလာနိုင်သည်ကို တွေ့ရသည်။

(ဆ) **အခြေခံအဆောက်အဦများ လက်လှမ်းမီမှု ၊ လမ်းတံတား ၊ လျှပ်စစ်စွမ်းအား ၊ သတင်းနှင့် ဆက်သွယ်မှု**

ကျေးရွာရှိ ရွာတွင်းလမ်းများသည် မြေနီ ၊ ကျောက်စရစ်ခင်းလမ်းများဖြစ်ပြီး ကား ၊ ဆိုင်ကယ်များ ၊ လှည်းများ ၊ အသုံးပြုမောင်းနှင်ကြသည်။ လမ်းပန်းဆက်သွယ်ရေးအတွက် Conter (၄)စီး ၊ Hijet (၁)စီး ၊ ဆိုင်ကယ် (၁၉၅)စီး ၊ စက်ဘီး (၃၂) စီး ၊ လှည်း (၁၇၄)စီးတို့ကို အသုံးပြုလျှက်ရှိပါသည်။ ကျေးရွာသည် မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသည့်အတွက်ကြောင့် လျှပ်စစ်သုံးစွဲနိုင်ခြင်း မရှိပါ။ အဆင်ပြေသော အိမ်ထောင်စုများမှာ ဆိုလာမီးသုံးစွဲနိုင်သော်လည်း အဆင်မပြေသော အိမ်ထောင်စုများမှာ ဆိုလာသုံးစွဲနိုင်ခြင်း မရှိပါ။ ရွာတွင် ပုဂ္ဂလိကပိုင်ပေးသော မီးစက်များမှ မီးယူကြရပါသည်။ ကျေးရွာတွင် မိုဘိုင်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်သုံးစွဲမှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များချိတ်ဆက်အသုံးပြုရန် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းစွာရှိပါသည်။ ကျေးရွာလူထုကို ဥပဒေနှင့်အညီ နေထိုင်သွားလာတတ်စေရန် နယ်မြေရဲစခန်းမှ တစ်နှစ်လျှင် တစ်ကြိမ် (သို့) နှစ်ကြိမ် မှုခင်းဖြစ်ပွားမှုနည်းအောင် အသိပညာပေးဟောပြောမှုများ လာရောက်ပြုလုပ်ပါသည်။

ကျေးရွာတွင် မှုခင်းဖြစ်ပွားမှု နည်းပါးပြီး သဘာဝဘေးအန္တရာယ်ကင်းဝေးရေးနှင့်ပတ်သက်၍ နေ့စဉ်မီးကင်းလှည့်ခြင်း ၊ မီးသုံးစွဲချိန်နှင့် မီးငြိမ်းသတ်ချိန်များကို စနစ်တကျ ဆောင်ရွက်ထားလျှက် ရှိပါသည်။

(ဇ) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ**

(၁) **ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ**

ကျေးရွာလူဦးရေအားလုံး၏ ၅၂.၃၅% မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ လူငယ်ပညာတတ်များနှင့် ဘွဲ့ရအရေအတွက်နည်းပါးပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကြောင်း သင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ တိုးတက်ကောင်းမွန်စေပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောဆေးကုသမှုများအတွက် မြို့နယ်ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားတွက် အသင့်အတင့်အနေအထားတွင် ရှိနေကြသည်။ ဥယျာဉ် ၊ ကိုင်း ၊ ကျွန်း သဘာဝအရင်းအမြစ်များတွင် လယ်ယာမြေများသည် မြေဆီသြဇာအသင့်အတင့်ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်သည်။ လမ်းပန်းဆက်သွယ်ရေးအသင့်အတင့်ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီ တင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင်းရှိ အိမ်များတွင် နို့စားနွားများသာမက တပိုင်တနိုင်စီးပွားဖြစ် နွားမွေးမြူရေးကို လုပ်ကိုင်ကြပြီး ဝက်ကို စီးပွားဖြစ်မွေးမြူကြသော အိမ်ထောင်စုများစွာ ရှိပါသည်။ ကြက်နှင့်ဘဲကို စားသုံးရန် မွေးမြူကြသည်။ မွေးမြူရေးအတွက် ကျေးရွာအနေဖြင့် အလားအလာကောင်းများရှိသော်လည်း မွေး/ကုဦးစီးဌာနမှ လိုအပ်သောနည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်လျှက်ရှိသည်။

## (၂) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာတွင် စီမံခန့်ခွဲမှုကဏ္ဍအနေဖြင့် ကျေးရွာဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု ၊ အဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် စည်းလုံးညီညွတ်မှု အားနည်းသည်ကို တွေ့ရသည်။ စိုက်ပျိုးရေးကဏ္ဍတွင် နှမ်း ၊ ပဲစဉ်းငုံ ၊ စပါး ၊ ဝါ ၊ ပဲကြီး ၊ ကုလားပဲများ စိုက်ပျိုးသော်လည်း နှစ်စဉ်ရာသီဥတု ဖောက်ပြန်မှုကြောင့် သီးနှံထွက်နှုန်းကျဆင်းလျှက်ရှိပါသည်။ ထွန်ယက်ရန် ယာထွန်စက်ကြီးများရှိပါသည်။ သွင်းအားစုများအတွက် ငွေကြေးမလုံလောက်ခြင်းကြောင့် ငွေယူ၍ လုပ်ကိုင်ကြရသည်။ လုပ်သားများ ရှားပါးမှုလည်း ကြုံတွေ့နေရသည်။ ပဲကြီးနှင့် ဝါသီးနှံများတွင် ဖျက်ပိုးများကျရောက်မှု ပိုမိုတွေ့ရပြီး ယင်း

ဖျက်ပိုးများသည် အချို့ပိုးသတ်ဆေးများကို ခံနိုင်ရည်ရှိသဖြင့် တောင်သူများ အနေဖြင့် ထိရောက်စွာ နှိမ်နင်းနိုင်သည့် နည်းစနစ်ကို လိုလားလျှက်ရှိပါ သည်။ စိုက်ပျိုးရေးစရိတ်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူ နိုင်သော်လည်း ပုံစံ(၇)ရှိမှသာ ထုတ်ချေးပေးသောကြောင့် တောင်သူများ အနေဖြင့် ပြင်ပမှ အတိုးနှုန်းကြီးစွာ ချေးယူကြရသည်။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုး နှိမ်နင်းရေးနှင့်ပတ်သက်၍ ထိရောက်စွာ အကောက်အထည်ဖော်ပေးနိုင်သော အစီအစဉ် မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့် သုံးနိုင်သော အထောက်အပံ့များ ရရှိရန် လိုအပ်လျှက်ရှိပါသည်။

ကျေးရွာတွင် အိမ်တွင်းကုန်ထုတ်လုပ်မှုမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အခက်အခဲရှိနေပါသည်။ ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန်စနစ်များ ပြောင်းလဲ ချမှတ်သင့်သည်။ အထူးသဖြင့် တောင်သူများနှင့် အသေးစားလုပ်ငန်းရှင် များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက် အလျောက် များပြားသည့်ချေးငွေ လိုအပ်လျှက်ရှိပါသည်။

# မင်းလှမြို့နယ် ဘွဲ့ကျေးရွာအုပ်စု ၊ညှင်းသွန်းကျေးရွာ

**ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား**

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်<br>စိန်ခေါ်မှု | ဖြေရှင်းရမည့်<br>နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်<br>လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **စီမံအုပ်ချုပ်မှုစနစ်** | | | | | |
| | အစုအဖွဲ့ဖြင့် စနစ်တကျ | -အစည်းအလာအရ ခေါင်း | - အချင်းချင်းရင်းနှီးခင် | - ဆင်းရဲသားများစိုး | - လူစွမ်းရည်ဖွံ့ဖြိုးရေး | -အသိပညာအမြင်ဖွင့် |
| | လုပ်ကိုင်ရာတွင် ပါဝင်ဆုံး | ဆောင်ဆုံးဖြတ်သည့် အ | မင်ကြခြင်း | ရိမ်သိမ်ငယ်စိတ်ရှိခြင်း | သဘောတရားတို့ကို | ဟောပြောပွဲများကျင်း |
| | ဖြတ်ဆောင်ရွက်နိုင်သည့် | တိုင်း လိုက်နာသည့်အကျင့် | | -နေရာပေးမှုအားနည်း | အမြင်ဖွင့်ဟောပြောခြင်း | ပ ခြင်း |
| | အလေ့အထနှင့် စွမ်းရည် | ပါနေခြင်း | | ခြင်း | - စုပေါင်းဆောင်ရွက် | |
| | မရှိခြင်း | -တစ်ဦးနှင့်တစ်ဦးနားလည် | | | တတ်သည့်အလေ့အ | |
| | လက်ရှိအဖွဲ့အစည်းများ | မှုလွဲမှားခြင်း | | | ကျင့်များဖြစ်ပေါ်လာ | |
| | ချိတ်ဆက်မှုအားနည်းခြင်း | | | | အောင်ဆောင်ရွက်ခြင်း | |
| | အုပ်ချုပ်ရေး၊လူမှုရေးအ | -အုပ်ချုပ်ရေးလူမှုရေးအ | - မြေနေရာရှိခြင်း | - ငွေကြေးမတတ်နိုင် | ကျေးလက်ဦးစီးဌာနနှင့် | -ဘက်စုံသုံးခန်းမတည် |
| | သင်းအဖွဲ့များဟောပြော | သင်းအဖွဲ့များမှဟောပြော | | ခြင်း | ချိတ်ဆက်ဆောင်ရွက် | ဆောက်ခြင်း |
| | ဆွေးနွေးပွဲများကျင်းပရန် | ဆွေးနွေးပွဲများကို ဘုန်း | | | ခြင်း | |
| | အဆောက်အဦမရှိခြင်း | တော်ကြီးကျောင်းများတွင် | | | | |
| | | ဆောင်ရွက်နေရခြင်း | | | | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၂ | **လမ်းတံတားနှင့်လျှပ်စစ်** | | | | | |
| | ရွာတွင်းလမ်းများ | - မြေသားလမ်းဖြစ်နေခြင်း | - ကျေးရွာလူထုမှလုပ် | - | - ရွာတွင်းလမ်းများမြေ | - ရွာတွင်းလမ်းများမြေ |
| | မကောင်းခြင်း | - နွံ့ဗွက်များထူနေခြင်း | အားနှင့်ငွေကြေးထည့် | | နီကျောက်စရစ်ခင်းခြင်း | နီကျောက်စရစ်ခင်းခြင်း |
| | | - မြေစီးများဖြစ်နေပြီး မိုး | ဝင်နိုင်ခြင်း | | | |
| | | ရာသီတွင် သွားလာရ | -မြေနီကျောက်စရစ် | | | |
| | | ခက်ခဲခြင်း | ပေါများခြင်း | | | |
| | ရွာချင်းဆက်လမ်း | -ကျောက်ကြမ်းလမ်းဖြစ် | - ကိုယ်ထူကိုယ်ထခင်း | သတ်မှတ်လမ်းအကျယ် | -ကျေးလက်လမ်းဖွံ့ဖြိုး | -ညှင်းသွန်း-ဘွဲ့ကျေးရွာ |
| | မကောင်းခြင်း | နေခြင်း | ထားသောကျောက် | အဝန်းရရှိရန် အခက် | ရေးဦးစီးဌာနနှင့် ချိတ် | ချင်းဆက်လမ်းမြေနီ |
| | | -မိုးရာသီတွင်ရေတိုက်စား | ကြမ်းလမ်းရှိခြင်း | အခဲရှိခြင်း | ဆက်ဆောင်ရွက်ခြင်း | ကျောက်စရစ်ခင်းခြင်း |
| | | မှုများခြင်း | -ကျေးရွာမှလုပ်အား | | | |
| | | | ထည့်ဝင်နိုင်ခြင်း | | | |
| | လျှပ်စစ်မီး မသုံးစွဲနိုင်ခြင်း | - မြို့နှင့်အလှမ်းကွာဝေးခြင်း | -ကျေးရွာမှငွေကြေးနှင့် | - | - မီးလင်းရေးကော်မတီ | -ဆိုလာSolar mini-grit |
| | | - မဟာဓာတ်အားလိုင်း | လုပ်အားထည့်ဝင်နိုင် | | ဖွဲ့စည်း၍ ကျေးလက် | တင်ပြတောင်းခံခြင်း |
| | | နှင့်ဝေးကွာခြင်း | ခြင်း | | ဦးစီးဌာနနှင့်<br>ချိတ်ဆက် | |
| | | | -မီးရရှိရေးကျေးရွာလူထု | | ၍ Solar mini-grit | |
| | | | မှ စိတ်အားထက်သန်မှု | | တင်ပြတောင်းခံခြင်း | |
| | | | ရှိခြင်း | | | |
| | | | -ဆိုလာတတ်ဆင်နိုင်ရန် | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | မြေနေရာရှိခြင်း | | | |
| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
| ၃ | **သောက်သုံးရေဖူလုံရေး** | | | | | |
| | မြေသားရေကန်အတွင်း | -မြေသားရေကန် ကန် | -ကျေးရွာလူထုမှလုပ် | - ငွေကြေးမတတ်နိုင် | -မြေသားရေကန်ပြုပြင် | -ရေကန်အနက်နှိုက်ခြင်း |
| | ရေသိုလှောင်မှုနည်းပါး | ဘောင်နိမ့်ကျနေခြင်း | အားထည့်ဝင်နိုင်ခြင်း | | ခြင်း | နှင့်ကန်ဘောင်အဆင့် |
| | ခြင်း | -ကန်အတွင်းနုံးများနေခြင်း | | | -ရေပိုလွှဲပြုပြင်ခြင်း | မြှင့်တင်ခြင်း |
| | စနစ်ကျသောရေပေးဝေ | -ကိုယ်ပိုင်လက်နှိပ်တွင်း | -ဌာနမှတူးဖော်ပေးသည့် | -အိမ်တိုင်းလက်နှိပ်တွင်း | -ကျေးလက်ဦးစီးဌာနနှင့် | -အိမ်တိုင်ရာရောက်ရေ |
| | မှုမရှိခြင်း | ငယ်များကို အသုံးပြုနေ ခြင်း | ၄" ၈၅၀၀' စက်ရေတွင်း | များရှိခြင်းကြောင့် | ချိတ်ဆက်ဆောင်ရွက် | ပေးရေးစနစ်ဆောင်ရွက် |
| | | -ရေအရင်းမြစ်များဖူလုံစွာ | -IFAD စီမံကိန်းမှ၂"စက်ရေ | အချို့ကျေးရွာသူ/သား | ခြင်း | ခြင်း |
| | | ရှိသော်လည်းစနစ်ကျသော | တွင်း(၁)တွင်းနှင့် ဂါလံ | များအနေဖြင့်ဆောင် | | |
| | | ရေပေးဝေမှုဆောင်ရွက်ရန် | (၃၀၀၀)ဆံ့အုတ်ရေကန် | ရွက်လိုမှုမရှိခြင်း | | |
| | | ဦးစီးဦးဆောင်ပြုလုပ်မည့် | (၁)ကန် နှင့် အလှူရှင်မှ | | | |
| | | သူမရှိခြင်း | စက်ရေတွင်း(၂)တွင်းရှိခြင်း | | | |
| ၄ | **စိုက်ပျိုးရေးနှင့်မွေးမြူရေး** | | | | | |
| | သီးနှံအထွက်နှုန်းမ | -သီးနှံဖျက်ပိုးများကျရောက်<br>ခြင်း | -နည်းပညာအထောက် | -ကွင်းဆင်းဝန်ထမ်း | -စိုက်ပျိုးရေးဦးစီးဌာန | -တောင်သူအသိပညာ<br>ပေး ဟောပြောပွဲများ |
| | ကောင်းခြင်း | - စိုက်ပျိုးရေး ချေးငွေမလုံ | အပံ့များပေးပါကတောင် | လာရောက်မှုအားနည်း | နှင့်ချိတ်ဆက်ဆောင် | ကျင်းပ ခြင်း |
| | | လောက်ခြင်း | သူများဘက်မှစိတ်ဝင် | ခြင်း | ရွက် ခြင်း | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၄ | **စိုက်ပျိုးရေးနှင့်မွေးမြူရေး** | | | | | |
| | သီးနှံအထွက်နှုန်းမ | -မျိုးကောင်းမျိုးသန့် ဈေး | စားမှုရှိခြင်း | | | -မျိုးစေ့ဘဏ်တည်ထောင် |
| | ကောင်းခြင်း | နှုန်းကြီးမြင့်ခြင်း | | | | ခြင်း |
| | | -စိုက်ပျိုးရေးအသိပညာ | | | | |
| | | ဗဟုသုတအားနည်းခြင်း | | | | |
| | | -စိုက်ပျိုးရေးအသိပညာ | | | | |
| | | ဗဟုသုတအားနည်းခြင်း | | | | |
| ၅ | **ပညာရေး** | | | | | |
| | တွဲဖက်အထက်တန်းကျောင်း | -အလယ်တန်းအဆင့်ပြီး | -အထက်တန်းအဆင့် | -လင်းကယ်ကျေးရွာ | -<br>ပညာရေးဌာနနှင့်ချိတ် | -တွဲဖက်အထက်တန်း |
| | အဆင့်မြှင့်တင်ပေးရန်လို | သည့်ကျောင်းသားဦးရေ | တက်ရောက်လိုသည့် | အထက်တန်းကျောင်း | ဆက်၍<br>တွဲဖက်အထက် | ကျောင်းရရှိရေး |
| | အပ်ခြင်း | များပြားလာခြင်း | ကျောင်းသားဦးရေများ | သို့သွားရောက်ပညာ | တန်းကျောင်း ချထား | |
| | | | ပြားလာခြင်း | သင်ကြားနေရခြင်း၊ငွေ | ပေးရန်တောင်းခံခြင်း | |
| | | | | ကုန်ကြေးကျများခြင်း | | |
| | | | | ဆင်းရဲသည့်အိမ် | | |
| | | | | ထောင်စုများမှ ပညာ | | |
| | | | | သင်ကြားရန်<br>အခက်ခဲ | | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | ရှိခြင်း | | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၆ | ရုတ်တရက်ဖြစ်ပေါ်လာ | -ဆေးဝါးလုံလောက်မှုမရှိ | -ကိုယ်တူကိုယ်ထ | -ကျန်းမာရေးမှူးမရှိ | -ကျန်းမာရေးဦးစီးဌာန | -ကျန်းမာရေးမှူးချထား |
| | သည့် ကျန်းမာရေးကိစ္စ | ခြင်း | ဆောက်လုပ်ထားသည့် | ခြင်း | နှင့်ချိတ်ဆက်၍ အ | ပေးရန်တင်ပြတောင်းခံ |
| | များအတွက်အခက်အခဲ | -အရေးပေါ်သွားရောက် | ဆေးပေးခန်းရှိခြင်း | -နေ့စဉ်မြို့ပေါ်သို့သွား | ဆောက်အဦးပစ္စည်း | ခြင်း |
| | ရှိခြင်း | ကုသရန်အတွက် ယာဉ် | | ရောက်ကုသရခြင်း | ကိရိယာများပြည့်စုံစွာ | -ကျန်းမာရေးဆေးပေး |
| | | အခက်အခဲရှိခြင်း | | - အရေးပေါ်သွားရောက် | ဖြည့်ဆည်းခြင်းကျန်းမာ | ခန်းတင်ပြတောင်းခံခြင်း |
| | | | | ကုသနိုင်ရန်ဆင်းရဲ | ရေးဝန်ထမ်းခန့်ထား | -နာရေးကူညီမှုယာဉ်တင် |
| | | | | သောမိသားစုများ | ပေးရန်တောင်းခံခြင်း | ပြတောင်းခံခြင်း |
| | | | | အတွက်ယာဉ်နှင့်ငွေ | | |
| | | | | ကြေးလိုအပ်ခြင်း | | |
| ၇ | **လူငယ်နှင့်ဖွံ့ဖြိုးရေး** | | | | | |
| | အလုပ်အကိုင်အခွင့်အ | -ဒေသတွင်ဝင်ငွေရ လုပ် | -လူငယ်များမှအသက် | -သင်တန်းတက် | -ကျေးလက်ဦးစီးဌာနနှင့် | -အသက်မွေးဝမ်းကျောင်း |
| | လမ်းရှားပါးခြင်း | ငန်းများမရှိခြင်း | မွေးဝမ်းကျောင်းသင် | ရောက်ရန်ငွေကြေး | ချိတ်ဆက်တင်ပြတောင်း | အထောက်အကူပြု |
| | | - နည်းပညာမရှိခြင်း | တန်တက်ရန် စိတ်ပါ | နှင့်အချိန်လိုအပ်ခြင်း | ခံခြင်း | သင်တန်းများဖွင့်လှစ် |
| | | -လက်မှုပညာမတတ်ခြင်း | ဝင်စားမှုရှိခြင်း | | | ခြင်း |
| | | -အဆက်အသွယ်မရှိခြင်း | | | | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၈ | လုံခြုံရေး | | | | | |
| | ကျေးရွာတွင်မီးဘေး | -မြို့နှင့်အလှမ်းကွာဝေးခြင်း | -မြေနေရာရှိခြင်း | -ရန်ပုံငွေမရှိခြင်း | - မီးသတ်ဦးစီးဌာနနှင့် | -မီးသတ်ကားတင်ပြ |
| | အန္တရာယ်ဖြစ်ပွားပါက | -ကျေးရွာတွက်လူဦးရေများ | -လုပ်အားထည့်ဝင်နိုင် | | ချိတ်ဆက်၍တင်ပြ | တောင်းခံခြင်း |
| | မီးငြိမ်းသတ်ရန်အခက် | ပြားလာပြီး အိမ်ခြေထူ | ခြင်း | | တောင်းခံခြင်း | |
| | အခဲရှိခြင်း | ထပ်လာခြင်း | - အရန်မီးသတ်လူငယ် | | | |
| | | -စနစ်တကျမီးသုံးစွဲရန် | များရှိခြင်း | | | |
| | | စီမံခန့်ခွဲမှုအားနည်းခြင်း | | | | |

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၆ | ၁၁ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၂၈ | ၂၄ | ၅၂ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၉ | ၃၅ | ၇၄ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၅၀ | ၄၂ | ၉၂ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၁၀ | ၅၀၆ | ၁၀၁၆ |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃၇ | ၆၀ | ၉၇ |
| စုစုပေါင်း | | ၆၆၉ | ၆၇၃ | ၁၃၄၂ |
| စုစုပေါင်း အိမ်ထောင်စု | | | | ၃၅၇ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ညင်းသွန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း(၃၅၇)စုရှိပြီး ကျား(၆၆၉)ဦး၊ မ(၆၇၃)ဦး လူဦးရေစုစုပေါင်း(၁၃၄၂)ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ (၄)ဦးနှုန်း ရှိကြောင်း တွေ့ရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့်အရွယ်(၁၀၁၆)ဦးရှိသော်လည်း ထိုသူများအတွက် အလုပ်ပေးနိုင်မှုနည်းပါးခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်လိုအပ်လျက်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေ ရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေ ရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၀၁ | ၉၃၀ | ၀ | မြင့် ☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၆ | ၄၀ | ၀ | မြင့် ☐လတ်☑နိမ့်☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | ၀ | မြင့် ☐လတ် ☐နိမ့် ☑ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၅ | ၀ | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၀ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | ၀ | မြင့် ☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၄ | ၁၇ | ၀ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁၄ | ၁၇ | ၀ | |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ်☐နိမ့် ☐ |
| | စုစုပေါင်း | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး စိုက်ပျိုးရေးနှင့်တွဲဖက်၍ တစ်ပိုင်တစ်နိုင် နွား၊ဝက်၊ကြက် မွေးမြူရေးလုပ်ငန်းများ

လုပ်ကိုင်ကြပါသည်။ လက်သမားပန်းရံလုပ်ကိုင်သူ (၅)ဦး ၊ အိမ်ဆိုင်လုပ်ငန်းလုပ်ကိုင်သူ (၁၇) ဦးနှင့် စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ (၃)ဦးရှိပါသည်။အစိုးရဝန်ထမ်းအနေဖြင့် ပညာရေးဌာန တွင် (၁၇)ဦးသာရှိ၍ လစဉ်ပုံမှန်ဝင်ငွေရှိသော မိသားစုနည်းပါးပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိက လုပ်ကိုင် ဆောင်ရွက်ခြင်းကြောင့် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များကို ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးအတွက် ဝန်ဆောင်မှုများပေးအပ်ရန် လိုအပ်လျှက်ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

## (ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၅၀၀၀ | ၀ | ၀ | ၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၃၀၀၀ | ၀ | ၀ | ၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | ၀ | ၇၀၀၀ | ၀ | ၃၅၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |

**ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် သီးနှံစိုက်ပျိုးရိတ်သိမ်းချိန်များတွင် ကျား၊မလုပ်အားခအနည်းငယ်ကွာဟမှုရှိသော်လည်း အလုပ်အကိုင်ရှားပါးချိန်တွင် ကျား/မလုပ်အားခ တန်းတူဖြစ်ပါသည်။ လက်သမားလုပ်ငန်းတွင် အမျိုးသားများသာ ဆောင်ရွက်လေ့ရှိပြီး အပ်ချုပ် လုပ်ငန်းတွင်လည်း အမျိုးသမီးများသာ လုပ်ကိုင်လေ့ရှိသည်ကိုတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| လယ်မြေ | ၄၅၉.၀၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၇၀၇.၀၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၂.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| ကိုင်း/ ကျွန်းမြေ | ၈.၀၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဓနိတောမြေ | ၀.၀၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| စားကျက်မြေ | ၁၅.၀၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| မြေလွတ်မြေလပ် | ၁၄၄.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | ၁၃၃၅ | ☒ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ ညှင်းသွန်းကျေးရွာတွင် စုစုပေါင်းစိုက်ပျိုးဧက(၁၁၆၆)ရှိပြီး ကိုင်းနှင့်ဥယျာဉ်ခြံမြေ (၁၀)ဧကရှိပါသည်။ စိုက်ပျိုးမြေများမှာ မြေဆီလွှာအသင့်အတင့်သာ ကောင်းမွန် ပါသည်။ သီးနှံတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် မြေလွတ်မြေလတ်နှင့်စားကျက်မြေ (၂၉၄)ဧကခန့် ရှိသော်လည်း မိုးရေကိုသာ အဓိကအားထားနေရခြင်းကြောင့် သီးနှံစိုက်ပျိုးရန် စိုက်ပျိုးရေ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်လျှက်ရှိကြောင်းတွေ့ရပါသည်။

**(ဂ-၂) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ခာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
